ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

အမှတ်၊ ၃၆၃/၄၂၁၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

**E-mail: dma@motc.gov.mm, dma.myan@gmail.com** **Tel: +95-1-397640**

**P.O BOX 194** **Fax: +95-1-397641**


---

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၀ ရက်

# ကြေညာချက် (၁၀ /၂၀၂၀)

အကြောင်းအရာ။ **ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း နိုင်ငံတကာ ရေယာဉ်များပေါ်တွင် တာဝန်ထမ်းဆောင်နေသော ရေယာဉ်ဝန်ထမ်းများ မြန်မာနိုင်ငံဆိပ်ကမ်းများ နှင့် မြန်မာ့ရေပြင်တွင် သင်္ဘောအတက်အဆင်း ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကြေညာချက် ထုတ်ပြန်ခြင်း**

၁။ ကမ္ဘာတစ်ဝန်းရှိ ရေကြောင်းဘက်ဆိုင်ရာသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကိုရိုနာဗိုင်းရပ် ကူးစက်ရောဂါဖြစ်ပွားမှုကြောင့် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်အား ရင်ဆိုင်ကြုံတွေ့နေရပြီး ရေယာဉ်ဝန်ထမ်းများကို သင်္ဘောအတက်အဆင်း ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ခရီးသွားလာမှု ကန့်သတ်ချက်များနှင့် အသွားအလာကန့်သတ်ချက်များ ဆောင်ရွက်လျက်ရှိပါသည်။ ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် သင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်နေသော ရေယာဉ်ဝန်ထမ်းများ၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် မြန်မာနိုင်ငံရှိ ပြည်သူလူထုများအကြား ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်ပျံ့နှံ့မှု လျော့နည်းစေရန် ရည်ရွယ်ချက်တို့ဖြင့် ဤကြေညာချက်ကို ထုတ်ပြန်လိုက်သည်။

၂။ ဦးစီးဌာနသည် နိုင်ငံတကာရေယာဉ်များပေါ်တွင် တာဝန်ထမ်းဆောင်နေသော ရေယာဉ် ဝန်ထမ်းများကို မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများတွင် သင်္ဘောအတက်အဆင်း ပြုလုပ်ခြင်းနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အထူးအခြေအနေများတွင် ခွင့်ပြုမည်-

(က) ရေယာဉ်ဝန်ထမ်းသည် သင်္ဘောပေါ်တွင် ၎င်း၏တာဝန်ထမ်းဆောင်နိုင်သည့် အချိန်ထက်ပို၍ တာဝန်ထမ်းဆောင်ပြီးခြင်း၊ (အလံတင်နိုင်ငံမှ အလုပ်ခန့်အပ်

ခြင်းဆိုင်ရာသဘောတူစာချုပ်အား ထပ်မံ၍ သက်တမ်းတိုးပေးရန် အာမခံချက် မပေးခြင်း)

(ခ) လူမှုရေးအရ ညှာတာထောက်ထားရမည့် ကိစ္စရပ်များ၊ (ဥပမာ - မိသားစုဝင် သေဆုံးခြင်း)

(ဂ) ရေယာဉ်ဝန်ထမ်းသည် ကျန်းမာရေးအခြေအနေအရ သင်္ဘောပေါ်တွင် ဆက်လက် တာဝန်ထမ်းဆောင်နိုင်မှု မရှိခြင်း။

၃။ ဦးစီးဌာနသည် အပိုဒ် (၂) ပါ အထူးအခြေအနေများအပြင် အောက်ဖော်ပြပါ အခြေအနေ များတွင်လည်း ရေယာဉ်ဝန်ထမ်းများအား သင်္ဘောအတက်အဆင်းပြုလုပ်ခြင်းကို ခွင့်ပြုမည်-

(က) အလုပ်ခန့်အပ်ခြင်းဆိုင်ရာ သဘောတူစာချုပ် သက်တမ်းကုန်ဆုံးသွားသော ရေယာဉ်ဝန်ထမ်း ဖြစ်ခြင်း၊

(ခ) သင်္ဘောမှ ဆင်းခြင်းဖြင့် သင်္ဘောဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစဉ်များအား မထိခိုက်စေသော ရေယာဉ်ဝန်ထမ်း ဖြစ်ခြင်း၊

(ဂ) သင်္ဘောအား ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်းတို့ကြောင့် သင်္ဘော အတက်အဆင်း ပြုလုပ်မည့် ရေယာဉ်ဝန်ထမ်း ဖြစ်ခြင်း၊

(ဃ) ရေယာဉ်ဝန်ထမ်းမဟုတ်သည့် သင်္ဘောကြီးကြပ်ရေးမှူးနှင့် ဝန်ဆောင်မှု အင်ဂျင်နီယာများ ကဲ့သို့သော ဝန်ထမ်းများ ဖြစ်ခြင်း။

၄။ သင်္ဘောအတက်အဆင်းပြုလုပ်မည့် ရေယာဉ်ဝန်ထမ်းများအနေဖြင့် အောက်ဖော်ပြပါ လိုအပ်ချက်များကို လိုက်နာရမည်-

(က) **သင်္ဘောမှ ဆင်းမည့် ရေယာဉ်ဝန်ထမ်းများ**

(၁) သင်္ဘောမှမဆင်းမီ လွန်ခဲ့သော (၁၄) ရက်ခန့်က ကမ်းသို့ဆင်းခြင်း မပြုခဲ့ ကြောင်းနှင့် အဆိုပါကာလအတွင်း သင်္ဘောတွင် ရှိနေကြောင်း အတည်ပြု ခြင်း၊

(၂) သင်္ဘော၏ ရေယာဉ်မှူး သို့မဟုတ် ပိုင်ရှင် သို့မဟုတ် မန်နေဂျာ သို့မဟုတ် ကိုယ်စားလှယ်က Maritime Declarations of Health (MDOH) ကို မြန်မာနိုင်ငံ၏ဆိပ်ကမ်းသို့ မဆိုက်ကပ်မီ အနည်းဆုံး (၇၂) နာရီတွင်

တစ်ကြိမ် နှင့် (၂၄) နာရီတွင် တစ်ကြိမ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ပေးပို့ခြင်း၊

(၃) သင်္ဘော၏ ရေယာဉ်မှူး သို့မဟုတ် ကိုယ်စားလှယ်သည် မြန်မာနိုင်ငံ၏ ဆိပ်ကမ်းသို့ ဆိုက်ကပ်သောအခါ Health Declaration Card အား ဆိပ်ကမ်းကျန်းမာရေးအရာရှိထံသို့ တင်ပြခြင်း၊

(၄) လိုအပ်ပါက အလုပ်ခန့်အပ်ခြင်းဆိုင်ရာသဘောတူစာချုပ် သက်တမ်း ကုန်ဆုံးကြောင်း အထောက်အထား သို့မဟုတ် ကျန်းမာရေးအခြေအနေ အရ ဆက်လက်အလုပ်လုပ်ကိုင်ရန်မသင့်ကြောင်း အစီရင်ခံစာ တင်ပြခြင်း၊

(၅) သင်္ဘောအတက်အဆင်းပြုလုပ်ရန် လိုအပ်သော အထောက်အထားများ တင်ပြခြင်း၊ (ဥပမာ- သင်္ဘောအရောင်းအဝယ်သဘောတူစာချုပ်)

(၆) မြန်မာနိုင်ငံသား ရေယာဉ်ဝန်ထမ်းများအနေဖြင့် သင်္ဘောမှ ဆင်းပြီးနောက် သတ်မှတ်နေရာများတွင် Facility Quarantine (၁၄) ရက် ဝင်ရောက်ခြင်း၊ Polymerase Chain Reaction (PCR) test ဖြင့် စစ်ဆေး၍ Negative ဖြစ်ပါက Home Quarantine (၇) ရက် ဆက်လက်အသွားအလာ ကန့်သတ်နေထိုင်စေခြင်း၊

(၇) အခြားနိုင်ငံသား ရေယာဉ်ဝန်ထမ်းများအနေဖြင့် သင်္ဘောမှဆင်းပြီးနောက် သတ်မှတ်နေရာများတွင် အနည်းဆုံး (၁၄) ရက်ကြာ နေထိုင်၍ Facility Quarantine ဝင်ရောက်ရမည်၊ သို့သော်လည်း ယင်းရေယာဉ်ဝန်ထမ်းများ အနေဖြင့် ယင်းကာလအတွင်း မိခင်နိုင်ငံသို့ ပြန်လည်ထွက်ခွာလိုပါက Polymerase Chain Reaction (PCR) test ဖြင့် စမ်းသပ်စစ်ဆေး၍ COVID-19 ရောဂါပိုး မတွေ့ရှိပါက Facility Quarantine နေရာမှ ထွက်ခွာမည့်နေရာသို့ ၎င်း၏သင်္ဘောပိုင်ရှင် သို့မဟုတ် မန်နေဂျာများ သို့မဟုတ် ကိုယ်စားလှယ်များ၏အစီအစဉ်ဖြင့် တိုက်ရိုက်ပို့ဆောင်စေ၍ မြန်မာနိုင်ငံမှ ထွက်ခွာခြင်း။

(ခ) **သင်္ဘောသို့ တက်မည့် ရေယာဉ်ဝန်ထမ်းများ**

(၁) ရေယာဉ်ဝန်ထမ်း နေထိုင်ရာနိုင်ငံရှိ ဆရာဝန်က လေယာဉ်မထွက်ခွာမီ ၂၄ နာရီအတွင်း ခရီးသွားလာရန် ကျန်းမာရေးကောင်းမွန်ကြောင်း ထုတ်ပေးထားသော ထောက်ခံချက် တင်ပြခြင်း၊

(၂) ရေယာဉ်ဝန်ထမ်းအနေဖြင့် ၎င်းနေထိုင်ရာနိုင်ငံမှ မထွက်ခွာမီ အနည်းဆုံး (၁၄) ရက်ကြာ Facility Quarantine ဝင်ရောက်ပြီးကြောင်း နှင့် အဆိုပါ ကာလအတွင်း ကျန်းမာစွာနေထိုင်ကြောင်း အတည်ပြုသည့် အထောက်အထားများ တင်ပြခြင်း၊

(၃) ရေယာဉ်ဝန်ထမ်းအနေဖြင့် ၎င်းနေထိုင်ရာနိုင်ငံမှ မထွက်ခွာမီ (၇၂) နာရီအတွင်း Polymerase Chain Reaction (PCR) test ဖြင့် စစ်ဆေးထားသည့် COVID-19 ကင်းရှင်းကြောင်း အထောက်အထား တင်ပြခြင်း၊

(၄) ရေယာဉ်ဝန်ထမ်းအနေဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိပြီးနောက် သက်ဆိုင်ရာ အတက်အဆင်း ပြုလုပ်မည့် ဆိပ်ကမ်းသို့ သွားရောက်ရာတွင် သတ်မှတ်ထားသော COVID-19 ရောဂါကာကွယ်ရေး စည်းကမ်းချက်များအတိုင်း လိုက်နာကျင့်သုံးခြင်း၊ သင်္ဘောအတက်အဆင်း ပြုလုပ်မည့် ဆိပ်ကမ်း၌ သင်္ဘောမတက်မီ အချိန်အထိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ဟိုတယ်၌ အသွားအလာကန့်သတ်ထားရှိခြင်း။

၅။ သင်္ဘောပိုင်ရှင်များ၊ မန်နေဂျာများ၊ ကိုယ်စားလှယ်များအနေဖြင့် သက်ဆိုင်ရာသံရုံးများမှတစ်ဆင့် သင်္ဘောသား အတက်အဆင်းပြုလုပ်ရန် ပြင်ဆင်ထားသောရက်ထက် အနည်းဆုံး (၇) ရက် ကြိုတင်၍ မြန်မာနိုင်ငံရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စာဖြင့်ရေးသားပြီး မြန်မာနိုင်ငံတွင် သင်္ဘောသား အတက်အဆင်းပြုလုပ်နိုင်ရေး လျှောက်ထားရမည်။

20/10/20

စိုးနိုင်

ညွှန်ကြားရေးမှူးချုပ်

**ဖြန့်ဝေခြင်း**

နိုင်ငံခြားရေးဝန်ကြီးဌာန၊

လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊

လူဝင်မှုကြီးကြပ်ရေးဆိုင်ရာဆိပ်ကမ်းကျန်းမာရေးဌာနခွဲ၊

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်၊

ကမ်းရိုးတန်းသွားသင်္ဘောပိုင်ရှင်များအသင်း၊

နိုင်ငံခြားသွားသင်္ဘောပိုင်ရှင်များအသင်း၊

ပြည်တွင်းရေကြောင်းသွားရေယာဉ်ပိုင်ရှင်များအသင်း၊

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းရှင်များဖွဲ့ချုပ်၊

**မိတ္တူကို**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊

ညွှန်ကြားရေးမှူးချုပ်ရုံးအဖွဲ့၊

ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ)၊

ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ)၊

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရှိ ဌာနခွဲများအားလုံး၊

ရုံးလက်ခံ။